လူသားတို့၏ စိတ်နှလုံးသားများအားလုံးသည်ကရုဏာတော်ရှင်(အလ္လာဟ်အရှင်မြတ်)၏

လက်ချောင်းများအနက်မှ

လက်ချောင်းတော်နှစ်ချောင်းကြားတွင်

စိတ်နှလုံးသားတစ်ခုတည်းကဲ့သို့ တည်ရှိသည်။

အရှင်မြတ်သည် အလိုတော်ရှိသည့်အတိုင်း ၎င်းအား

လှည့်ပြောင်းတော်မူ၏

အဗ်ဒုလ္လာဟ်ဗင်န် အမ်ရ်ဗင်န်အာဆ်ွ(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ သူသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ဤသို့မိန့်ကြားတော်မူသည်ကို
ကြားသိခဲ့ရသည်။ "လူသားတို့၏ စိတ်နှလုံးသားများအားလုံးသည်ကရုဏာတော်ရှင်(အလ္လာဟ်အရှင်မြတ်)၏ လက်ချောင်းများအနက်မှ
လက်ချောင်းတော်နှစ်ချောင်းကြားတွင် စိတ်နှလုံးသားတစ်ခုတည်းကဲ့သို့ တည်ရှိသည်။အရှင်မြတ်သည် အလိုတော်ရှိသည့်အတိုင်း ၎င်းအား လှည့်ပြောင်းတော်မူ၏။ ထို့နောက်
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ဤသို့
ဆုတောင်းတော်မူခဲ့သည်။ "အို- စိတ်နှလုံးသားများကို လှည့်ပြောင်းတော်မူသော
အရှင်မြတ်၊ ကျွန်တော်မျိုးတို့၏ စိတ်နှလုံးသားများကို အရှင့်အမိန့်တော်ကို
နာခံခြင်းဆီသို့ လှည့်ပြောင်းပေးသနားတော်မူပါ"။ [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က လူသားတို့၏ စိတ်နှလုံးသားများအားလုံးသည်ကရုဏာတော်ရှင်(အလ္လာဟ်အရှင်မြတ်)၏ လက်ချောင်းများအနက်မှလက်ချောင်းတော်နှစ်ချောင်းကြားတွင် စိတ်နှလုံးသားတစ်ခုတည်းကဲ့သို့ တည်ရှိပြီး၊အရှင်မြတ်သည် မိမိအလိုတော်ရှိသည့်အတိုင်း ၎င်းအား လှည့်ပြောင်းတော်မူကြောင်းမိန့်ကြား‌တော်မူခဲ့၏။ အကယ်၍ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူလျှင်ထိုစိတ်နှလုံးသားကို တရားလမ်းမှန်ပေါ်၌ တည်တံ့စေတော်မူပြီး၊ အလိုရှိလျှင်တရားလမ်းမှန်မှ လွဲချော်စေတော်မူ၏။ အလ္လာဟ်အရှင်မြတ်၏ စိတ်နှလုံးသားအားလုံးကိုစီမံခန့်ခွဲမှုသည် စိတ်နှလုံးသားတစ်ခုတည်းကို စီမံခန့်ခွဲမှုကဲ့သို့ပင် ဖြစ်သည်။အရှင်မြတ်သည် တစ်ခုကို စီမံခန့်ခွဲရင်း နောက်တစ်ခုမှ ကင်းလွတ်သွားခြင်းမျိုးမရှိ‌ပေ။ ထို့နောက် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ဤသို့ဆုတောင်းတော်မူခဲ့သည်။ "အို- နှလုံးသားများကိုတစ်ခါတစ်ရံအမိန့်နာခံမှုဆီသို့လည်းကောင်း၊ တစ်ခါတစ်ရံအပြစ်အကုသိုလ်ဆီသို့လည်းကောင်း၊ တစ်ခါတစ်ရံ သတိရတသမှုဆီသို့လည်းကောင်း၊ တစ်ခါတစ်ရံမေ့လျော့မှုဆီသို့လည်းကောင်း လှည့်ပြောင်းတော်မူသော အရှင်မြတ်၊ကျွန်တော်မျိုးတို့၏ စိတ်နှလုံးသားများကို အရှင့်အမိန့်တော်ကို နာခံခြင်းဆီသို့လှည့်ပြောင်းပေးသနားတော်မူပါ။

